ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၄ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းအရည်အသွေးမြင့် ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ ပြည်ပဈေးကွက် ပိုမိုရရှိရန်အတွက်လည်းကောင်း၊ ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိစေရန်အတွက်လည်းကောင်း နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို အောက်ပါကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှကစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုလိုက်သည်–

(က) အသား၊ ငါး ၊

(ခ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊

(ဂ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊

(ဃ) မျိုးစေ့၊

(င) သန့်စင်ထားသည့် သတ္တုရိုင်းများ ၊

(စ) သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ ၊

(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ၊

၂။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် အထက်ပါ အဆင့်မြင့်ကုန်ပစ္စည်းအုပ်စု(၇)မျိုးကို ပြည်ပသို့တင်ပို့ရာတွင် အောက်ပါသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည် –

(က) အသား ၊ ငါး

တင်ပို့ခွင့်ပြုရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုမည်ဖြစ်သည်။

( ခ ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊

(၁) ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အား အမှုန့်အဖြစ်သော်လည်းကောင်း၊ အသင့်စားသုံးနိုင်သည်အထိ တစ်ဆင့်မြင့်ပြုပြင်ထုတ်၍လည်းကောင်း၊ သန့်စင်အခွံချွတ်ပြီးအဆင့်မြင့်ထုပ်ပိုး၍လည်းကောင်း ပြုပြင်ထားသော ကောက်ပဲသီးနှံများကိုသာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် အပါအဝင် သက်ဆိုင်သည့်ဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ပို့ကုန်လိုင်စင် ခွင့်ပြုမည်ဖြစ်သည်။

(၂) ဆန်နှင့် ဆန်ကွဲ တင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် -

(ကက) ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေ အနည်းဆုံးကန်ဒေါ်လာ ၃ သန်းလွှဲပြောင်းပြီးကြောင်း အထောက်အထား၊

( ခ ခ ) လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထား တင်ပြရန်၊

( ဂ ဂ ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဖြစ်ရန်။

( ဂ ) **ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး**

ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသောပစ္စည်းအဖြစ် သတ်မှတ်ထားသော်လည်း အခြားသော သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခြင်းကို ဆောင်ရွက်ရန်ဖြစ်သည်။

(ဃ) **မျိုးစေ့**

မျိုးစေ့ဥပဒေနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခွင့်ပြုမည်ဖြစ်သည်။

( င ) **သန့်စင်ထားသည့် သတ္တုရိုင်းများ**

သတ္တုတွင်းဥပဒေအရ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနတွင် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့် ရယူရမည်ဖြစ်ပြီး ယင်းခွင့်ပြုမိန့်ရရှိသူသည် ပို့ကုန်လိုင်စင်အတွက် ပြည်တွင်းလုပ်ငန်းရှင်များကဲ့သို့ သတ္တုတွင်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည် ဖြစ်သည်။

( စ ) **သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ**

စားသောက်ကုန်ဥပဒေအရ သက်ဆိုင်ရာဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန် လိုင်စင်ခွင့်ပြုသွားမည် ဖြစ်သည်။

(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်များဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုမည့်ကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေအစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ /၂-၁၈/၂၀၁၉ ( ၁၀ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

✓ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | | ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

အောင်စိုး
အမြဲတမ်းအတွင်းဝန်